# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

Date – 16/3/2022

## စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

### စစ်ကိုင်းတိုင်း

- မတ်(၁၆)ရက်နေ့မနက်(၉)နာရီခန့်က ယင်းမာပင်မြို့နယ်၊ ဘန့်ဘွေးကျေးရွာရှိ စကစတပ်သားများကို ဒေသခံကာကွယ်ရေးအဖွဲ့မှ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။
- မတ်(၁၆)ရက်နေ့နေ့လယ်(၁)နာရီခန့်က ဒီပဲယင်းမြို့နယ်၊ ချောင်းမီးတိုကျေးရွာနှင့် တည်တောကျေးရွာများသို့လာသော စကစတပ်သားများကို ပြည်သူ့ကာကွယ်ရေးတပ်ပေါင်းစုက တိုက်ခိုက်ခဲ့ရာ စကစတပ်သားများ သေဆုံးမှုရှိပြီး အများအပြားဒဏ်ရာရရှိခဲ့သည်။

### တနင်္သာရီတိုင်း

မတ်(၁၆)ရက်နေ့မနက်(၆)နာရီမှ(၉)နာရီအထိ ပုလောမြို့နယ်၊ပုလောကုန်းကျေးရွာတွင် ပျူစောထီးအဖွဲ့နှင့်ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားနေချိန်တွင် စစ်ကူလာသော စကစများကို ထမင်းမစားကျေးရွာအနီး နန်းပရုပ်ရွာတွင် ပြည်သူ့ကာကွယ်ရေးတပ်များက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစတပ်သား (၂၀)ဦးထက်မနည်း သေဆုံးခဲ့သည်။

### မကွေးတိုင်း

- မတ်(၁၅)ရက်နေ့နေ့လယ်(၃)နာရီခန့်က ရေစကြိုမြို့နယ်၊ ဝက်ခုတ်ရွာအနီးတွင် စကစတပ်သားအင်အား(၆၀)ခန့်ရှိ စစ်ကြောင်းကို ပြည်သူ့ကာကွယ်ရေးအဖွဲ့(ရေစကြို)၊ (မြိုင်)၊ (ဆားလင်းကြီး) နှင့်KG အဖွဲ့များက ပူးပေါင်းတိုက်ခိုက်ခဲ့ရာ (၁)နာရီကြာ တိုက်ပွဲဖြစ်ခဲ့ပြီး စကစတပ်သားများ ထိခိုက်သေဆုံးမှုများခဲ့ကာ ပြည်သူ့ကာကွယ်ရေးတပ်သားတစ်ဦး ကျဆုံးခဲ့သည်။
- မတ်(၁၅)ရက်နေ့ညနေ(၅)နာရီခန့်က စေတုတ္တရာမြို့နယ်နှင့်ဆောမြို့နယ်ဒေသအစပ် ကြံစိမ့်ကျေးရွာနှင့်ညောင်ပင်ကျင်းကျေးရွာကြား လမ်းပိုင်းတွင် စကစအရာရှိယာဥ်ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့လောင်းရှည်ဒေသ (LSRPDF)မှ မိုင်းဆွဲတိုက်ခိုက်ရာ အရာရှိအပါအဝင်စကစတပ်သား (၅) ဦး သေဆုံးနိုင်ကြောင်း သိရသည်။

### ရန်ကုန်တိုင်း

မတ်(၁၆)ရက်နေ့က သန်လျင်မြို့နယ်နှင့်ခရမ်းမြို့နယ်ကြားရှိဖားကူးကျေးရွာရဲစခန်းကို ပြည်သူ့ကာကွယ်ရေးအဖွဲ့(သန်လျင်)က ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ရာ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

Date – 16/3/2022

## စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

### ချင်းပြည်နယ်

မတ်(၁၅)ရက်နေ့မနက်(၉)နာရီခန့်က ကန်ပက်လက်မြို့နယ်၊ စမ္မသားကျေးရွာရှိ ပြည်သူပိုင်နေအိမ်များကို စကစတပ်သားများက မွှေနှောက်ဖျက်ဆီးပြီး မီးရှို့သွားကြောင်း သိရသည်။

### စစ်ကိုင်းတိုင်း

မတ်(၁၆)ရက်နေ့မနက်(၄)နာရီခန့်က ကန့်ဘလူမြို့နယ်၊ ဇင်းကျေးရွာအနီး၊ မနော်မန္တလာနှင့်သစ္စာလှိုင် ခရီးသည်တင်ကား (၂)စီးကို စကစ တပ်သားများက ပစ်ခတ်ခဲ့ရာ ယာဉ်မောင်းနှင့်ဘတ်စ်ကားမယ်တို့ သေဆုံးခဲ့သည်။

### မကွေးတိုင်း

မတ်(၁၅)ရက်နေ့ည(၇)နာရီခန့်က ရေစကြိုမြို့နယ်၊တောင်အိုနှင့်တာတိုင်ရွာများတွင် စကစတပ်သားများနှင့် ပျူစောထီးများ ဝင်ရောက်လာခြင်းကြောင့် ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရသည်။

### မန္တလေးတိုင်း

မတ်(၁၅)ရက်နေ့ည(၉)နာရီခန့်က အောင်မြေသာစံမြို့နယ်၊ လမ်း(၈၀)နှင့်(၁၂)လမ်းတွင် မုန့်ဝယ်ပြီး ပြန်လာသော ဆိုင်ကယ်ကို တားဆီးစစ်ဆေးခြင်းမပြုလုပ်ပဲ စကစများက ပစ်ခတ်ခဲ့ရာ အမျိုးသမီး(၁)ဦး ပွဲချင်းပြီးသေဆုံးသွားခဲ့ပြီး တစ်ခြားလူငယ်(၁)ဦးမှာလည်း ဆေးရုံရောက်ချိန်တွင် သေဆုံးသွားခဲ့သည်။

### ပဲခူးတိုင်း

မတ်(၁၆)ရက်နေ့မနက်(၁)နာရီခန့်က ကြို့ပင်ကောက်မြို့နယ်၊ ရန်ကုန်-ပြည်ကားလမ်းဘေး၊ ရီရှင်းဆိုင်ကယ်ဆိုင်အနီးတွင် အမျိုးသားတစ်ဦးကို စကစများက ပစ်ခတ်ဖမ်းဆီးခဲ့ရာ ခြေသလုံးထိမှန်ပြီး ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေရသည်။